မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## ရှေ့နေ ရှေ့ရပ် များအား ထောင်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေ စနစ်၊ တည်ဆဲဥပဒေများ၊ စီရင်ထုံး များ နှင့် လုံးဝကိုက်ညီခြင်းမရှိကြောင်း သုံးသပ်ထုတ်ပြန်ချက်

၁။ တရားရုံးများ လက်စွဲ–စာမျက်နှာ –၃၀၀ တွင် "တရားရုံးကို မလေးမစား ပြုခြင်း"ခေါင်းစဉ် အောက်မှ အပိုဒ်–၅၀၁ တွင် "တရားသူကြီး သို့တည်းမဟုတ် ရာဇဝတ် တရားသူကြီးသည် ကျင့်ထုံး ပုဒ်မ–၁၉၅ တွင် ရည်ညွှန်းထားသည့် ပြစ်မှုတခုခု (ပြစ်မှုပုဒ်မ– ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၉၊ ၂၀၀၊ ၂၀၅၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁ နှင့် ၂၂၈) ကိုတဦးတယောက်သောသူက မိမိ၏ရှေ့တွင် ဖြစ်စေ၊ မိမိ၏ အာဏာကို မထီလေးစားပြုလျှက်ဖြစ်စေ၊ ကျူးလွန်သည့်အခါ သို့တည်း မဟုတ် တရားစီရင်သော မှုခင်းကိစ္စတခုကို ဆောင်ရွက်နေသည့်အတွင်း ကျူးလွန်သည်ကို တွေ့ရှိသိလာရ သည့်အခါ ထိုသူကို ထိုပြစ်မှုအတွက် ကျင့်ထုံး ပုဒ်မ ၄၈၀ နှင့် ၄၈၅ တို့ တွင် ပြဋ္ဌာန်းပါရှိသည့် အတိုင်း မှတပါး စစ်ဆေးစီရင်ခြင်း မပြုနိုင်ဟု အတိအကျ ပြဆိုထားသဖြင့် – ပုဒ်မ ၄၈၀နှင့် ၄၈၅ တို့ကို လိုက် နာရပါမည်။

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၀ (၁) ( မထီမဲ့မြင်ပြုလုပ်သည့်အမှုအချို့တွင် လိုက်နာ ရန် ကျင့်ထုံး) တွင် "ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၅၊ ပုဒ်မ–၁၇၈၊ ပုဒ်မ–၁၇၉၊ ပုဒ်မ–၁၈၀၊ သို့မဟုတ် ပုဒ်မ ၂၂၈ တွင် ဖော်ပြထားသော ပြစ်မှုမျိုးကို တရားမ၊ ရာဇဝတ် သို့မဟုတ် အခွန်ရုံးတရုံးရုံး၏ ရှေ့မှောက်တွင်ဖြစ်စေ၊ မြင်သာသည့်နေရာတွင် ဖြစ်စေ ကျူးလွန်ခဲ့လျှင် အဆိုပါတရားရုံးသည် ပြစ်မှု ကျူးလွန်သူကို အချုပ်နှင့် ထိန်းသိမ်းထားနိုင်သည်။ ထို့ပြင် မိမိသင့်သည် ထင်မြင်လျှင် ထိုနေ့ရုံးမ ဆင်းမီ မည်သည့် အချိန်မဆို ပြစ်မှုကို အရေးယူပြီး ပြစ်မှုကျူးလွန်သူကို ကျပ်နှစ်ရာ ထက်မပိုသော ငွေ ဒဏ်တပ်ရိုက်နိုင်သည်။ ထို့ပြင် ငွေဒဏ်ဆောင်ရန် ပျက်ကွက်၍ ယင်းငွေဒဏ် မပေးဆောင်လျှင် တစ်လ အထိ အလုပ်မဲ့ထောင်ဒဏ် ချမှတ်နိုင်သည်။ ဟု ဖွင့်ဆိုထားသဖြင့် တစ်လထက်ပိုသည့် ထောင်ဒဏ် များ ချမှတ်နေခြင်းမှာ ပြစ်မှုကျင့်ထုံးဥပဒေကို လုံးဝ မျက်ကွယ် ပြုလိုက်ရာ ကျပါသည်။

၃။ တရားရုံးအား မထီမဲ့မြင် ပြုမှု အက်ဥပဒေ ပုဒ်မ– ၃ အရ ချမှတ်ခဲ့သည့် သက်ဆိုင်ရာ စီရင်ထုံး ကို တင်ပြရလျှင်–

"ဒေါ်အေးကြည် နှင့် ဦးဝင်းသောင်း ပါ (၄)"
၁၉၈၆–ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ အမှတ်–၁၂၂
ဆုံးဖြတ်ချက်။ ။ အမှုနှင့် ဆက်စပ်နေသည့် အကြောင်းအချက်များ၊စုံစမ်းစစ်ဆေးပုံများကို အများပြည်သူတို့ တွေ့မြင်ဖတ်ရှုနိုင်သော မဂ္ဂဇင်းထဲတွင် ဖြစ်ရပ်မှန်များဖြစ်ကြောင်း ရေးသား ခဲ့ခြင်း သည် တရားရုံးကအမှုကို တစုံတရာအဆုံးအဖြတ်ပေးသည့် သဘောသက်ရောက်နေ

သည့်အတွက် တရားစီရင်ဆုံးဖြတ်မှု လုပ်ငန်းကို တနည်းမဟုတ်တနည်း အနှောင့်အယှက် ပြုရာရောက်သည်ဟု ဆိုနိုင်ပေသည်။

အထက်ပါ သုံးသပ်တွေ့ရှိချက်များအရ ဤအထွေထွေ လျှောက်လွှာကို ခွင့်ပြုပြီး၊ လျှောက်ထားခံရသူ ဦးဝင်းသောင်း၊ ဦးကြည်ဝင်း၊ ဦးသူရအောင် နှင့် ဦးမောင်မောင် လှမိုး တို့အား ၁၉၂၆–ခုနှစ်၊ တရားရုံးများ မထီမဲ့မြင်ပြုမှု၊ အက်ဥပဒေ ပုဒ်မ–၃ အရ၊ ဒဏ်ငွေကျပ် ၅၀၀– (ကျပ်ငါးရာ တိတိ) စီ အသီးသီး ပေးဆောင်ကြစေရန်၊ ဒဏ်ငွေဆောင်ရန် ပျက်ကွက်ပါက အလုပ်မဲ့ထောင်ဒဏ်၊ တစ် လစီ ကျခံကြစေရန် အမိန့်ချမှတ်လိုက်သည်၊ ------------------------------------

ဟုဆုံးဖြတ်ထုံးဖွဲ့ထား သည်။

၄။ ရှေ့နေများသည် တရားရုံးအရာရှိများဖြစ်ကြသည်။ မိမိတို့၏ အမှုသည်များကို ကိုယ်စားပြု၍ တရားမျှတမှုကို ရှာဖွေသည့် အနေဖြင့် တရားရုံးတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိကြသည်။ တရားရုံးတွင် သဘောရိုးဖြင့် ပြောဆိုဆောင်ရွက်ခြင်းများသည် မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ရာမရောက်ပါ။ ကျူးလွန်ရာရောက်သည်ဟု တရားရုံးကသံသယရှိစေဦး လက်ရှိတည်ဆဲဥပဒေများအရရော စီရင်ထုံးများ အရပါ တရားရုံးကို မလေးမစား ပြုသည်ဟု ယူဆသော ကိစ္စရပ်များအတွက် ပြစ်ဒဏ်အဖြစ် ဒဏ်ငွေ ကိုသာ ချမှတ်ရပါမည်။ ရှေ့နေကြီးများဖြစ်ကြသည့် ဦးအောင်သိန်း၊ ဦးခင်မောင်ရှိန်၊ ဦးညီညီထွေး၊ ဦး စောကျော်ကျော်မင်း တို့အပေါ် ဒဏ်ငွေမဆောင်နိုင်မှ ထောင်ဒဏ်ချရသည့် အမိန့်မျိုးကို ချမှတ်ရမည့် အစား ၄–လ၊ ၆–လစီချမှတ်ခဲ့ခြင်းမှာ အထက်ဖော်ပြပါ ဥပဒေများနှင့် စီရင်ထုံးများအရ လွဲမှားစွာ အမိန့်ချမှတ်ထားခြင်းသာ ဖြစ်သည်။ တရားစီရင်ရေးမဟုတ်ဘဲ မတရားစီရင်ရေး အနေဖြင့် ထင်ရှားလွန်းစွာပေါ်လွင်လာပြီး ဥပဒေစိုးမိုးရေး လုံးဝကင်းမဲ့သည့် အခြေအနေသို့ ရောက်ရှိ မသွားစေရေးအတွက် ထောင်ဒဏ်ချမှတ်ခံထားရသည့် ရှေ့နေများအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ အနေဖြင့် တောင်းဆိုလိုက်သည်။

ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

နေ့စွဲ – ဒီဇင်ဘာ (၁) ရက် ၂၀၀၈ ခုနှစ်။

အသေးစိတ်သိလိုလျှင် ဆက်သွယ်ရန် --
ဦးမျိုး (တာဝန်ခံ) ဥပဒေရေးရာသုံးသပ်ရေးဌာန (၀၈၆ ၂၁၆ ၀၁၀၈)